


မနေ့ညနေက မိတ်ဆွေတစ်ဦးက ဖုန်းဆက်ပါတယ်။ နေညိုချိန် ရောက်နေပြီလေ။ လမ်းလျှောက် မသွားသေးဘူးလားတဲ့။ မကြာခင်က ရေး ဖြစ်ခဲ့တဲ့ "လမ်းလျှောက်ခြင်း ညနေ" ဆောင်းပါးထဲက နေဝင်ဆည်းဆာအလှ ကို တဝခံစားရင်း ဘဝအကြောင်း တွေးတောရတာ ပိုပြီးပီပြင်တယ်၊ မှောင်ရီ ပျိုးပျ နေအကျရဲ့ ရောင်စဉ်စကြောင့် ရွှေမှုန်စတွေ ဖြန့်ကြဲထားသလိုဖြစ်နေတဲ့ တောင်တန်းကြီး နောက်ခံပြကွက ပြေးလွှားနေတဲ့ ရထားတွေရဲ့ ဥသြသံကို ကြားရလျှင် အမေ့အိမ်ရှိရာ အမေ့ရွာကို လွမ်းမိတယ်ဆိုတာကိုဖတ်ပြီး သူ လည်းပဲ အိမ်လွမ်းစိတ်ဖြစ်မိလို့ ခုလို သတိတရ လှမ်းပြောတာဖြစ်မှာပါလို့ ထင်မိပါတယ်။ မိတ်ဆွေက သူ့မျက်နှာပြင်မှာ လွမ်းဟန် မထင်ပေမယ့် အလွမ်းသံစဉ် စကားလေးတွေကိုတော့ လှလှပပ ဆိုတတ်သူလေ။

ကိုယ့်မြေကိုယ့်ရွာနဲ့ အလှမ်းဝေးကွာလှတဲ့အရပ်မှာ နေထိုင်နေကြသူတွေအဖို့ မလွမ်းဘယ်သူ နေပါ့မယ်ဆိုသ လို ထာဝစဉ် မဟုတ်လျှင်တောင် တခါခါတော့ လွမ်းမိတတ်ကြမှာပေါ့။ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲ ဖြစ်ဖြစ်၊ ငယ်ရွယ်စဉ်က တွေ့ကြုံခံစားခဲ့တဲ့အရာတွေက အရွယ်ရောက်မှ တွေ့ထိခံစားရတာတွေထက် ပိုမိုလို့ အမှတ်ရ ဖွယ်၊ အောက်မေ့တမ်းတဖွယ် ဖြစ်တတ်တာကလည်း သဘာဝပဲလေ။

အစောကတည်းက ဒီနေ့မုန်တိုင်းရှိတယ်ဆိုတာကို ကြေညာထားလို့ ကြိုသိနေခဲ့တာ။ မိတ်ဆွေ လှမ်းဆက်ချိန် က ကိုယ်နေထိုင်ရာမြို့လေးမှာ လေပြင်းကျစ အချိန်လေ။ ဒီတော့ ဒီမှာလေတွေတိုက်နေတယ်။ ဒီအချိန်မျိုးဆို တာက အပြင်ထွက်လမ်းလျှောက်လို့ ကောင်းတဲ့အခါမှ မဟုတ်တာလို့ ကိုယ်ကဖြေတော့ အော် ထွက်ကြည့်ပါဦး လေ။ လေမှာလည်း သူ့အလှနဲ့သူ ရှိမှာပါပဲ။ လေကို ကိုယ်တိုင်ထိတွေ့ခံစားကြည့်ပြီး ဘယ်လေက ဘယ်လိုရှိ တယ်ဆိုတာကိုလည်း ရေးပြဦးပေါ့လို့ ရယ်ရယ်မောမော ပြောသွားပါတယ်။ သူပြောစဉ်က ဘာသိဘာသာ ဘာ သာလဝ်ပါပဲ။ ဘာမှထူးပြီး လေနဲ့ပတ်သက်လို့ မစဉ်းစားမိလိုက်ပါဘူး။

ဒါပေမယ့် ညပိုင်းကျတော့ လေကအတန်ပြင်းလာတယ်။ တခါခါမှာ ကိုယ်နေထိုင်ရာ အဆောက်အဦတောင် သိမ့်ကနဲ သိမ့်ကနဲ တုန်လှုပ်သွားတယ်။ ဒီတော့မှ အော် ကိုယ်နေထိုင်ရာ မြို့လယ်မှာတောင် လေက ဒီလောက် ပြင်းနေတာ။ အကွယ်အကာမဲ့တဲ့ ကွင်းပြင်လိုနေရာမျိုးမှာ တည်ဆောက်ထားတဲ့ အိုးအိမ်တိုက်တာတွေဆို ဘယ်လိုများ နေလေမလဲ။ အဲဒီလိုအကွယ်အကာမဲ့တဲ့ နေရာမျိုးမှာ နေထိုင်ကြရတဲ့သူတွေများရော ဘယ်လိုခံ စားမိကြလေမလဲလို့ တွေးမိပါတယ်။ မခိုင်အိမ်မှာ ယိုင်တိုင်တိုင် အိပ်စက်ကြရသူတွေဆိုလျှင်ဖြင့် ပိုလို့ပင် စိုးရွံ့ နေရှာပေလိမ့်လို့ အဝေးကိုမျှော်ကာ စာနာစွာလည်း စဉ်းစားဖြစ်လိုက်မိပါတယ်။

တွေးစကတော့ တကယ့်ပကတိ သဘာဝလေကိုပါ။ တွေးရင်းတွေးရင်း ဘယ်ကနေ ဘယ်လိုဖက် စိတ်က ရောက်သွားတယ် မသိဘူး။ သဘာဝလေတွေ မဟုတ်တော့ပဲ လောကထဲမှာ တင်စားသုံးနှုန်းကြတဲ့ စကားဆိုတဲ့

လေဆီရောက်သွားတယ်။ စကားအမျှင်မပြတ် အချိန်ကြာကြာပြောတတ်သူကို လေကြောရှည်သူ၊ ကြွားကြွား ဝါဝါပြောတတ်သူကို လေကြွားသူ စသဖြင့် ပြောကြတယ်မဟုတ်လား။ အဲဒီလို စကားဆိုတဲ့ဖက်ကို လေက ရောက်သွားတော့ စဉ်းစားမိပုံကလည်း ပြောင်းသွားတယ်။ သဘာဝလေအကြောင်း စဉ်းစားနေတုံးက လေမှာ ဘာအရောင်မှ မပါဘူး။ နောက်ပြီးသဏ္ဍာန်မဲ့။ သဘာဝမဟုတ်တဲ့ လေကိုစဉ်းစားမိကာမှ လေက အရောင်အမျိုးမျိုး၊ သဏ္ဍာန်အမျိုးမျိုးဖြစ်လာတယ်။ အစိမ်းရောင်ခြယ်တဲ့လေ၊ လေသံစိမ်းစိမ်း၊ စကားလုံးစိမ်းစိမ်းတွေ။ အဖြူရောင်ချယ်တဲ့လေ၊ ဖြူစင်တဲ့ စကားတွေ။ အနီရောင်စကား။ အပြာရောင်စကား။ စသဖြင့် စသဖြင့် စကား အရောင်တွေက များမှများ၊ လေရောင်တွေက စုံမှစုံပဲကိုး။

အရောင်တွေတင်မက ချိုသာတဲ့စကား။ အပေါ်ယံသကြားအုပ်ထားတယ်လို့ ပြောတတ်ကြတဲ့ အလိန်အညာ ဟန်ဆောင်မှုသားစကား။ဒါတင်မက ကြမ်းထမ်းတဲ့စကား။နူးညံ့တဲ့စကား စသဖြင့် အခြားခံစားမှု ရသပိုင်းဆိုင်ရာ အမျိုးမျိုးနဲ့ နှိုင်းခိုင်းဥပမာပြုလို့ စကားကို တင်စားသုံးစွဲကြတာတွေကိုပါ တွေးမိတယ်။

လူတစ်ဦးတည်းရဲ့ နှုတ်ဖျားကပဲ အဖြူရောင်စကားလုံးတွေ ထွက်လာတတ်သလို ဒီလူတစ်ဦးထဲဆီကပဲ အမည်းရောင်စကားတွေကိုလည်း လွှင့်ပျံလို့ လာတတ်ပြန်တာပါပဲ။ အရင်တချိန်က ရဲရဲတောက်စကားတွေ ဆိုတတ်ခဲ့သူကပဲ နောက်တစ်ချိန်ရောက်ပြန်တော့ သူ့ထက်ကြောက်တတ်သူ မရှိလောက်အောင်ကိုပဲ သူရဲဘောကြောင်တဲ့စကားတွေကိုလည်း ဆိုတတ်ပြန်ပါလေရော။ လေသံပြင်းခဲ့ မာခဲ့တဲ့သူကပဲ လေသံကပျော့သွား လျော့သွားလိုက်တာ။ တွေ့ဖူးကြမှာပါပဲ။

ညဦးက လေကဖြင့် ကိုယ်နေထိုင်ရာ အဆောက်အဦကို သိမ့်သိမ့်တုန်ခါသွားအောင် ပြင်းနေရာကနေ ခဏကြာတော့ ငြိမ်သက်သွားတယ်။ အော် လေတော့ ရပ်လောက်ပြီထင်ပါရဲ့လို့ တွေးမဆုံးမီမှာပဲ ဝုန်းကနဲအသံမြည်လောက်အောင် လေပြင်းက တွန်းမွှေလိုက်ပြန်ပါရော။ မိနစ်ပိုင်းနဲ့အမျှ ပြောင်းလဲနေတဲ့လေက ခန့်မှန်းရ ခပ်ခက်ခက်ပါ။ လူတွေပြောဆိုနေတဲ့ စကားလည်း လေနဲ့အတူပါပဲ။ အခု ချီးမွှမ်းထောမနာစကားကနေ ခဏနေတော့ ကဲ့ရဲ့ပြစ်တင်စကားဖြစ်သွားတတ်။ ဒီနေ့ပဲ အချစ်ဆုံးလို့ ကိုယ်ပြောခဲ့ဖူးတဲ့သူတစ်ဦးကိုပဲ နောက်တစ်ရက်ရောက်တော့ ကိုယ်အမုန်းဆုံးသူရယ်လို့ ပြောရတာ၊ ပြောကြတာမျိုး ကြုံခဲ့ဘူးသူလည်း ရှိမှာပါပဲ။ ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ခြင်းနဲ့ အမှန်ကို မသိနိုင်ခြင်းစတာတွေကြောင့် စကားတွေက အရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး ပြောင်းသွားတတ်တယ်လေ။

သဘာဝအတိုင်း တိုက်ခတ်နေတဲ့လေက ဘယ်လောက်ပဲ ပြင်းထန်တယ် ဆိုပစေဦးတော့။ သူနဲ့ထိတွေ့တဲ့အရာတွေကို ပျက်ပြုန်းကြေမွစေဆိုတဲ့ ရည်ရွယ်ချက်မျိုး ရှိမယ်မဟုတ်ပါဘူး။ သူနဲ့ထိတွေ့တဲ့ သက်ရှိသက်မဲ့အရာတွေကို နာစေသာစေဆိုတဲ့ ခွဲခြားမှုမျိုးလည်း ရှိမယ်မဟုတ်ပါဘူး။ သူက အဝိညာဏက သက်မဲ့ပဲလေ။ သက်ရှိလူတွေကြောင့်ဖြစ်လာတဲ့ စကားလေကတော့ သဘာဝလေလို တစ်သားတည်း မဟုတ်တော့ဘူး။ ရိုးစင်းခြင်းလည်း မရှိတော့ပါဘူး။ ညဦးကတိုက်ခတ်ခဲ့တဲ့လေကို ကြိုတင်ခန့်မှန်းနိုင်သလို ရာသီဥတုမှာ ကျွမ်းကျင်လိမ္မာတဲ့ ဘယ် မက်ထရိုလောဂျစ်တွေမှလည်း လူတွေနှုတ်ဖျားကထွက်လာမယ့် လေရဲ့အခြေအနေကိုတော့ ကြိုတင်လို့ ခန့်မှန်းနိုင်တော့မယ် မဟုတ်ပေဘူး။

မနက်မိုးလင်းတော့ ကိုယ့်တလင်းပြင်မှာ ရွက်ကြွေတွေနဲ့ ပြည့်လို့။ ခြောက်တဲ့အရွက်က ခြောက်၊ စိမ်းတဲ့အရွက်က စိမ်း။ ကြေတဲ့အရွက်က ကြေ၊ ပြေတဲ့အရွက်က ပြေ။ တကွဲတစ၊ တဘာဝစီ၊ ကြွေနေကြတာ၊ အလီလီပေါ့။ အရွက်လေးတွေအားလုံး အမိပင်ယံမှာ ဝေလျက်ကာ မနေနိုင်ကြတာချင်းကတော့ အတူတူပါ။ ဘယ်အရပ်ဆီကနေ လေပြင်းသယ်ယူလာမှန်း မသိတဲ့ အရွက်တွေကိုလည်း တွေ့ရ။ အမည်လေးမျှပင် မသိရတဲ့ တကယ့်အစိမ်းပြင်ပြင် ရွက်မျိုးစုံတွေ။ ဟိုနားတစ်စု၊ ဒီနားမှာ တစ်ပုံ။ ရွက်ကြွေစုံတို့ရဲ့ သင်္ချိုင်းမြေပုံလေးများပမာပါပဲ။

လျှို့ချက်တွေ၊ ကွေ့ကောက်မှုတွေ၊ လှည့်ပတ်မှုတွေ၊ ဖုံးကွယ်မှုတွေ၊ ဟန်ဆောင်မှုတွေ၊ မရိုးသားမှုစတာတွေ အခြေခံကာ မူမမှန်တဲ့ ရည်ရွယ်ချက်တွေနဲ့ ပြောဆိုတတ်တဲ့ သူတွေရဲ့ စကားတွေကိုလည်း သူသူငါငါ ကြားဖူးမှာပါ။ အဲဒီစကားလေကြောင့်ပဲ အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးပါးပျက်စီးကြရသူတွေအကြောင်းကိုလည်း ကြားဖူးကောင်း ကြားဖူးမှာပါ။ ကိုယ်တိုင်တောင်မှပဲ မူမမှန် လေအဝှေ့ကြောင့် သစ်ရွက်ကြွေဘဝလို ကြွေလွင့်ခဲ့ရတာမျိုးလည်း ဖြစ်ကောင်းဖြစ်နေမှာပါ။

လောကထဲ ကျင်လည်နေရတဲ့သူတစ်ဦးအဖို့ လောကလူမှုနယ်ပယ်မှာ တိုက်ခတ်တတ်တဲ့လေတွေနဲ့တော့ ဘယ်မှာကင်းပြီး နေနိုင်မှာလဲလေ။ ဒီတော့လည်း ကဲ့ရဲ့ခြင်းလေ၊ ချီးမွမ်းခြင်းလေ၊ ရိုင်းစိုင်းခြင်းလေ၊ သိမ်မွေ့ခြင်းလေ၊ အေးမြတဲ့လေ၊ နွေးထွေးတဲ့လေ၊ လေအမျိုးမျိုးနဲ့တော့ မလွဲမသွေ တွေ့နေရမှာပါပဲပေါ့။ ညစ်ညမ်းလေကို ရှူရှိုက်ရတော့ ကိုယ်မကျန်းမာ ဖြစ်စေနိုင်သလို စိတ်မချမ်းသာကိုလည်း ဖြစ်စေနိုင်တယ်တဲ့။ ဒီလိုပါပဲ။ မကောင်းတဲ့စကား၊ မမှန်တဲ့စကား၊ မယဉ်ကျေးတဲ့စကား၊ အချင်းများတဲ့စကား၊ အဲဒီလိုစကားသံတွေ ကြားရတော့ ဘယ်မှာစိတ်ချမ်းသာမှုကို ဖြစ်စေနိုင်ပါ့မလဲ။

လူ့သဘာဝကိုကပင် လတ်ဆတ်တဲ့လေ၊ သန့်ရှင်းတဲ့လေကိုသာ နှစ်သက်သဘောကျစမြဲ မဟုတ်လား။ သန့်ရှင်းလတ်ဆတ်တဲ့လေကို ရမှလည်း နေကောင်းကျန်းမာ ချမ်းသာပျော်ရွှင်နိုင်မှာပဲ မဟုတ်လား။ ကိုယ်လည်း လူသားတစ်ဦးပဲလေ။ စာနာတတ်မှု၊ မြတ်နိုးကြင်နာတတ်မှု၊ ရိုင်းပင်းကူညီတတ်မှု၊ ချစ်ခင်တွယ်တာတတ်မှုကို အခြေခံလို့ဖြစ်ပေါ်လာတဲ့ လတ်ဆတ်သန့်ရှင်းလေကိုသာ ကြားရဖို့၊ တွေ့ထိခံစားနိုင်ဖို့ကိုတော့ ဆုတောင်းနေမိ၊ တမ်းတမျှော်လင့်ကာ နေမိတာ အမှန်ပဲပေါ့။ ကိုယ့်အတွက်ချည်းတော့လည်း ဘယ်ဟုတ်ပါ့မလဲ။ ကိုယ့်စကားလေသံကြောင့်လည်း ဘယ်နားမှာမှ မခါးရအောင်၊ သစ်ရွက်လေး တစ်ရွက်မျှပင်လျင် ညှာတံကနေ လွင့်စဥ်လို့ ကြွေကာ ကျမသွားရလေအောင် အသက်ရှိနေသမျှ၊ လေကို ရှူရှိုက်နေသေးသမျှ သတိထားလို့ နေရမှာပေါ့။ ။